
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

# ပြန်လည်အားသွင်း၍ရသောမုတ်ဆိတ်ရိတ်စက်

မော်ဒယ်နံပါတ်. ES-SA40



မုတ်ဆိတ်ရိတ်စက်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်ပါ။

မြန်မာ

# အရေးကြီးအချက်များ

## ▶ အသုံးမပြုမီ

ဤအစို/အခြောက်အသုံးပြုနိုင်သောမုတ်ဆိတ်ရိတ်စက်သည်ဆပ်ပြာမြှုပ်များဖြင့်အစိုရိတ်ခြင်း(သို့)အခြောက်ရိတ်ခြင်းများတွင်အသုံးပြုနိုင်သည်။ရေလုံရိတ်စက်အားရေပန်းဖြင့်ရေချိုးနေစဉ်အသုံးပြုခြင်းနှင့်ရေဖြင့်ဆေးခြင်းများပြုလုပ်နိုင်ပါသည်။အောက်ပါသင်္ကေတသည်အစိုရိတ်ခြင်းဖြစ်သည်။ဤသင်္ကေတ၏အဓိပ္ပါယ်မှာရေကန်ဖြင့်(သို့)ရေပန်းဖြင့်ရေချိုးလျှင်လက်ကိုင်အပိုင်းအားအသုံးပြုနိုင်သည်ဟုဆိုလိုသည်။



ဆပ်ပြာမှုန့်အသုံးပြု၍အနည်းဆုံးသုံးပတ်ခန့်အသုံးပြုပြီးမတူညီမှုများကိုသတိပြုပါ။အရေပြားနှင့်မုတ်ဆိတ်ရိတ်စက်သည်မည်သည့်မုတ်ဆိတ်ရိတ်နည်းနှင့်မဆိုအသားကျရန်လိုအပ်သောကြောင့် ပန်နာဆိုးနစ် မှအစို/အခြောက်ရိတ်စက်အားအသားကျစေရန်အချိန်အနည်းငယ်လိုအပ်ပါသည်။

## ▸ မုတ်ဆိတ်ရိတ်စက်အသုံးပြုခြင်း

သတိပြုရှောင်ကြဉ်ရန်အချက်များ – အပြင်ဘက်ရှိသတ္တုပြားသည် အလွန်ပါးသောကြောင့်မှန်ကန်စွာအသုံးမပြုပါကပျက်စီးနိုင်သည်။ မုတ်ဆိတ်မရိတ်မီသတ္တုပြားပျက်စီးခြင်းရှိမရှိစစ်ဆေးပါ။ရိတ်စက်အား သတ္တုပြားအစရှိသည်များပျက်စီးနေပါကအရေပြားရှနိုင်သောကြောင့် အသုံးမပြုပါနှင့်။

## ▸ မုတ်ဆိတ်ရိတ်စက် အားသွင်းခြင်း

ဤမော်ဒယ်(RE7-54)အတွက်အထူးပြုလုပ်ထားသောအားသွင်းခေါင်းမှလွဲ၍တခြားသောအားသွင်းခေါင်းများမသုံးပါနှင့်။အစိုဓာတ်မရှိသောမီးပလပ်ခုံအတွင်းသို့ခြောက်သွေ့သောလက်ဖြင့်အားသွင်းခေါင်းထိုးပါ။မုတ်ဆိတ်ရိတ်စက်သည်အသုံးပြုနေစဉ်နှင့်အားသွင်းနေစဉ်ပူနွေးနေပါမည်။ဤအရာသည်စက်ချို့ယွင်းခြင်းမဟုတ်ပါ။မုတ်ဆိတ်ရိတ်စက်အားနေရောင်တိုက်ရိုက်ကျရောက်သောနေရာ(သို့)တခြားအပူထုတ်လွှတ်သောနေရာများတွင်အားမသွင်းပါနှင့်။

၀–၄၀ဒီဂရီစင်တီဂရိတ်သည်ပြည့်စုံသောပတ်ဝန်းကျင်အပူချိန်ဖြစ်သည်။

မီးကြိုးအားအစားမထိုးပါနှင့်။မီးကြိုးပျက်စီးသွားပါကမုတ်ဆိတ်ရိတ်စက်အားအသုံးမပြုပါနှင့်။

## ▶ မုတ်ဆိတ်ရိတ်စက်အားသန့်ရှင်းခြင်း

အရေးကြီးသတိပေးချက် – မုတ်ဆိတ်ရိတ်စက်အားသန့်ရှင်းခြင်းမပြုမီဓာတ်လိုက်ခြင်းမှကာကွယ်ရန်အားသွင်းခေါင်းအားဖြုတ်ပါ။

မုတ်ဆိတ်ရိတ်စက်အားရေဖြင့်ဆေးပါကဆားငံရေ(သို့)ရေနွေးများမသုံးပါနှင့်။ မုတ်ဆိတ်ရိတ်စက်အားရေထဲတွင်အကြာကြီးစိမ်မထားပါနှင့်။ဆပ်ပြာရည်စွတ်ထားသောအဝတ်နုဖြင့်သုတ်ပါ။အရက်ပြန်၊ဘန်ဇင်းနှင့်တင်နာများအသုံးမပြုပါနှင့်။

## ▶ မုတ်ဆိတ်ရိတ်စက်အားသိမ်းဆည်းခြင်း


မုတ်ဆိတ်ရိတ်စက်အားသိမ်းဆည်းသောအခါ အားသွင်းခေါင်းအားဖြုတ်ပါ။ဤမုတ်ဆိတ်ရိတ်စက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံကြော(သို့)စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်ချက်လျော့နည်းနေသောသူများ(ကလေးများ)၊(သို့)အတွေ့အကြုံနှင့်ဗဟုသုတမရှိသူများ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများမှလမ်းညွှန်ချက်(သို့)ညွှန်ကြားချက်မပါဘဲအသုံးမပြုပါနှင့်။ကလေးများအားမုတ်ဆိတ်ရိတ်စက်ဖြင့်မကစားရန်ကြပ်မတ်ထားသင့်သည်။ဤလမ်းညွှန်ချက်များကိုလုံခြုံသောနေရာတွင်သိမ်းထားပါ။

## အသေးစိတ်အချက်အလက်များ

| | | |
|---|---|---|
| ရှိရမည့်လျှပ်စစ်ပမာဏ | း | ၁၁၀ ဗို့အေစီ၊၆၀ဟတ်စ် |
| မော်တာအသုံးပြုသည့်ဗို့အား | း | ၁.၂ဗို့ဒီစီ |
| အားသွင်းရမည့်အချိန် | း | ၈ နာရီ |

ဤပစ္စည်းသည်အိမ်တွင်းအသုံးပြုရန်သာဖြစ်သည်။

## အစိတ်အပိုင်းများအားခွဲခြမ်းစိတ်ဖြာခြင်း



**က** ကာကွယ်ထားသောအဖုံး

**ခ** အပြင်ဘက်သတ္တုပြားအကန့်

- (၁) အပြင်ဘက်သတ္တုပြား
- (၂) သတ္တုပြားအောက်ခံ

**ဂ** အတွင်းဘက်ရှိဓားသွားများ

**ဃ** မှတ်ဆိတ်ရိတ်စက်ကိုယ်ထည်

- (၃) သတ္တုပြားအောက်ခံဖြုတ်သည့်ခလုတ်
- (၄) အဖွင့်အပိတ်ထိန်းချုပ်ခလုတ်
- (၅) ၀/၁ ခလုတ်
- (၆) မှတ်ဆိတ်ရိတ်စက်အားသွင်းပေါက်
- (၇) မှတ်ဆိတ်ရိတ်စက်ကိရိယာ
- (၈) မှတ်ဆိတ်ရိတ်စက်ကိရိယာလက်ကိုင်

**င** မီးအားသွင်းခေါင်း(RE7-54)

- (၉) အားသွင်းပလပ်ခေါင်း
- (၁၀) မှတ်ဆိတ်ရိတ်စက်ပမာဏပြမီး

**စ** သန့်ရှင်းရာတွင်အသုံးပြုသောစုတ်တံ

## Charge အားသွင်းခြင်း


မုတ်ဆိတ်ရိတ်စက်အရှိန်လျော့ကျသွားလျှင်မုတ်ဆိတ်ရိတ်စက်အား အားသွင်းရန် အောက်ပါအဆင့်များကိုလုပ်ဆောင်ပါ။

မုတ်ဆိတ်ရိတ်စက်အား (၈ နာရီ) အပြည့်အားသွင်းနိုင်သည်။

- အားအပြည့်သွင်းထားလျှင် ၃ မိနစ် ခန့် ဂုကြိမ်ရိတ်နိုင်သည်။


၁ ပုံတွင်ပြထားသည့်အတိုင်းမုတ်ဆိတ်ရိတ်စက်အားပိတ်၍မီးအားသွင်း ခေါင်းထဲသို့ထည့်ပါ။

၂ မီးအားသွင်းခေါင်းအားမီးပလပ်ခုံတွင်ထိုးပါ။




- မုတ်ဆိတ်ရိတ်စက်အားပမာဏပြမီးလုံးသည်မုတ်ဆိတ်ရိတ်စက်အားသွင်းခေါင်းမှ မဖြုတ်မီအထိတောက်ပ၍ငြိမ်နေလိမ့်မည်။

# Shave မုတ်ဆိတ်ရိတ်စက်အသုံးပြုခြင်း




၁ အဖွင့်အပိတ်ခလုတ်အား ဖိချ၍ဝ/၁ခလုတ်ကိုအပေါ် သို့တွန်းပါ။

၂ အပေါ်ပုံတွင်ပြထားသည့် အတိုင်းမုတ်ဆိတ်ရိတ်စက် ကိုကိုင်၍ရိတ်ပါ။

- မုတ်ဆိတ်စတင်ရိတ်ချိန်တွင်မျက်နှာပြင်အားညင်သာစွာရိတ်ပါ။ကျန်လက်တစ်ဖက်မှအရေပြားအားဆွဲပြီးမုတ်ဆိတ်ရိတ်စက်အားမုတ်ဆိတ်မွေးရှိရာဘက်သို့အရှေ့အနောက်ရွှေ့၍ရိတ်ပါ။အရေပြားနှင့်မုတ်ဆိတ်ရိတ်စက်အသားကျပါကဖိအားကိုညင်သာစွာတိုး၍ရိတ်နိုင်သည်။အနီးကပ်ရိတ်ရာတွင်ဖိအားအလွန်အကျွံမသုံးပါနှင့်။


## ▶ အမွေးရိတ်စက်ကိုအသုံးပြုခြင်း

အမွေးရိတ်စက်လက်ကိုင်ကိုအပေါ်သို့ရွှေ့ပါ။စက်ကိုအသားအရေနှင့်ထောင့်မှန်ကျသောနေရာတွင်ထား၍၎င်းကိုအောက်သို့ရွှေ့၍ပသိုင်းမွှေးများကိုရိတ်ပါ။




# Clean သန့်ရှင်းခြင်း

မြန်မာ




၁. မုတ်ဆိတ်ရိတ်စက်အား အားသွင်းခေါင်းမှဖြုတ်ပါ။

၂. အပြင်ဘက်သတ္တုပြားအားဆပ်ပြာကြမ်းနှင့်ရေကို သုံး၍ဆေးပါ။





၃. မုတ်ဆိတ်ရိတ်စက်ကိုဖွင့်ပါ။

၄. မုတ်ဆိတ်ရိတ်စက်အား ၁၀–၂၀စက္ကန့်ဖွင့်ပြီးပြန်ပိတ်ပါ။

၅. အပြင်ဘက်သတ္တုပြားအကန့်ကိုဖြုတ်၍မုတ်ဆိတ်ရိတ်စက် ကိုဖွင့်ပါ။

၆. မုတ်ဆိတ်ရိတ်စက်နှင့်အပြင်ဘက်သတ္တုအကန့်အားရေစီး ဖြင့်ဆေးပါ။




၇. ရေစက်များအားအဝတ်ခြောက်ဖြင့်သုတ်ပါ။

၈. အပြင်ဘက်သတ္တုအကန့်နှင့်မုတ်ဆိတ်ရိတ်စက်အားခြောက် အောင်ပြုလုပ်ပါ။


၉. အပြင်ဘက်သတ္တုအကန့်ကိုပြန်တပ်ပါ။

မြန်မာ


# အပြင်ဘက်သတ္တုပြားနှင့်အတွင်းရှိဓားသွားများလဲခြင်း

| | |
|---|---|
| အပြင်ဘက်သတ္တုပြား | တစ်နှစ်တစ်ကြိမ် |
| အတွင်းဘက်ဓားသွားများ | နှစ်နှစ်တစ်ကြိမ် |

## ▶ အပြင်ဘက်သတ္တုပြားလဲခြင်း





၁. ပုံတွင်ပြထားသည့်အတိုင်းသတ္တုပြားအောက်ခံပြားဖြုတ်ရန်ခလုတ်အားနှိပ်၍အပြင်ဘက်သတ္တုအကန့်ပေါ်သို့မပါ။





၂. အပြင်ဘက်ရှိသတ္တုပြားအားပုံတွင်ဖော်ပြထားသည့်အတိုင်းဖြေးညှင်းစွာတွန်းပါ။ထို့နောက်အောက်ခံမှသတ္တုပြားပေါ်လာပါလိမ့်မည်။

၃. အပြင်ဘက်သတ္တုပြားအသစ်အားညင်သာစွာကွေး၍သတ္တုပြားအောက်ခံနှင့်ချိတ်မိသွားသည်အထိတွန်းပါ။

# ▶ အတွင်းဘက်ဓားသွားများလဲခြင်း




၁. ပုံတွင်ပြထားသည့်အတိုင်းသတ္တုပြားအောက်ခံဖြုတ်ရန်ခလုတ်အားနှိပ်၍အပြင်ဘက်သတ္တုအကန့်ပေါ်သို့မတင်ပါ။





၂. ပုံတွင်ပြထားသည့်အတိုင်းအတွင်းရှိဓားသွားကိုဖြုတ်ပါ။

● လက်ထိခိုက်မှုမှကာကွယ်ရန်အတွင်းဘက်ဓားသွား၏အစွန်းများ(သတ္တုအပိုင်း)ကိုမထိပါနှင့်။

၃. အတွင်းဘက်ဓားသွားများအားပုံတွင်ပြထားသည့်အတိုင်းချက်ကနဲမြည်သည်အထိထည့်ပါ။

# စုတ်တံဖြင့်သန့်ရှင်းခြင်း




၁. စုတ်တံအတိုကိုသုံး၍အတွင်းဘက်မားသွားများအားပုံ(က)တွင်ပြထားသည့်အတိုင်းရွှေ၍သန့်ရှင်းပါ။အပြင်ဘက်သတ္တုပြားမှုတ်ဆိတ်ရိတ်စက်ကိုယ်ထည်နှင့်ရိတ်သည့်ကိရိယာများအားစုတ်တံအရှည်ဖြင့်သန့်ရှင်းပါ။


- အတွင်းဘက်မားသွားနှင့်၎င်း၏ဖြတ်တောက်နိုင်မှုကိုပျက်စီးစေနိုင်သောကြောင့်စုတ်တံအတိုအားပုံ(ခ)တွင်ပြထားသည့်အတိုင်းမရွှေ့ပါနှင့်။
- အပြင်သတ္တုပြားကိုသန့်ရှင်းရန်စုတ်တံအတိုအားမသုံးပါနှင့်။

## ပြန်လည်အားဖြည့်နိုင်သောဓာတ်ခဲအားဖယ်ထုတ်ခြင်း

မှတ်ဆိတ်ရိတ်စက်အားပြန်မတပ်မီပါရှိသောပြန်လည်အားသွင်း၍ရသောဓာတ်ခဲအား ဖြုတ်ပါ။မူလပုံစံအတိုင်းပြုလုပ်ထားသောဓာတ်ခဲရှိပါကမူလပုံစံအတိုင်းသေချာပြန် ထည့်ပါ။မှတ်ဆိတ်ရိတ်စက်အားအသုံးပြုနိုင်ရန်ဓာတ်ခဲအားဖျက်စီးခြင်းအစားထိုးခြင်း မပြုလုပ်ပါနှင့်။မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်နိုင်သည်။

သက်ဆိုင်ရာဝန်ဆောင်မှုပေးသောဌာနများတွင်သာအသစ်လဲပါ။

- ဓာတ်ခဲအားမဖြုတ်မီမှတ်ဆိတ်ရိတ်စက်အား အားသွင်းခေါင်းမှဖြုတ်ပါ။
- အဆင့်(၁)မှ(၁၀)အထိပြုလုပ်၍ဓာတ်ခဲအား မ၍ဖြုတ်ပါ။




**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြန်လည်အသုံးပြုနိုင်သောအရာများအတွက်**

ဤမှတ်ဆိတ်ရိတ်စက်တွင်နီကယ်မက်တယ်ဟိုက်ဒရိုက်ဓာတ်ခဲပါရှိပါသည်။ သင့်နိုင်ငံတွင်ဓာတ်ခဲအားတရားဝင်သတ်မှတ်ထားသောနေရာတွင်သာသေချာစွန့် ပစ်ပါ။

Panasonic Electric Works Wanbao
(Guangzhou) Co., Ltd.

No.33 Wanbao North Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China